

# စစ်ကိုင်းတိုင်း၊ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ မဲအိုးရွာ၏ အရပ်သားပြည်သူ (၅)ဦးအား အကြမ်းဖက်စစ်တပ်က နှိပ်စက် သတ်ဖြတ်ခြင်း၊ ခန္ဓာကိုယ်အပိုင်းပိုင်း ခုတ်ထစ်ခြင်းနှင့် မီးရှို့သတ်ဖြတ်ခြင်းများပြုလုပ်ခဲ့သည့်ဖြစ်စဉ်

ဇန်နဝါရီလ (၁၈) (၁၉) ရက် ၂၀၂၄ ခုနှစ်

# ဖြစ်စဉ်အကျဉ်း

**ဇန်နဝါရီလ (၁၈) ရက်နေ့ နံနက် (၆) နာရီအချိန်တွင်**

01

မဲအိုးရွာထဲသို့ ရေဦးဘက်မှ စစ်ကြောင်းထိုးလာသည့် အင်အား (၁၀၀) ခန့်ရှိ ခလရ-၇၀၈ ပူးပေါင်းတပ်ဖွဲ့က ဝင်ရောက်လာပြီး ဒေသခံ ပြည်သူ ၁၀၀ ကျော်ခန့်အား ဖမ်းဆီးကာ ဘုန်းကြီးကျောင်းသို့ ခေါ်ဆောင်သွားပြီး ပြည်သူများထံမှ ဖုန်း၊ ရွှေငွေ စသည့်တန်ဖိုးရှိသည့်ပစ္စည်းများကို ယူဆောင်သွား၊

02

ထို့နောက် အမျိုးသမီး ၃ ဦး၊ ၁၈နှစ်အောက် ကလေး ၂ ဦးအပါအဝင် ပြည်သူ ၁၄ ဦးကို ဖမ်းဆီးခဲ့ကာ အမျိုးသမီးများနှင့် သက်ကြီးရွယ်အို တို့ကို ကြိုးဖြင့်တုတ်ချည် ခေါ်ဆောင် သွားခဲ့၊ အမျိုးသားများကို ပစ္စည်းများသယ်ခိုင်းပြီး လူသားဒိုင်းအဖြစ် အသုံးပြု၍ ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းရွာသို့ စစ်ကြောင်းထိုးဝင်ရောက်ခဲ့

**ဇန်နဝါရီလ (၁၉) ရက်နေ့ နံနက်အချိန်တွင်**


03

လက်ယက်ကုန်းရွာမှ ရေဦးဘက်သို့ပြန်လည်ထွက်ခွာသွားခဲ့။ ထို့နောက် ဒေသခံကာကွယ်ရေးတပ်ဖွဲ့ မှ လက်ယက်ကုန်းရွာ အတွင်းသို့ ဝင်ရောက်ကြည့်ရှုရာတွင်အိမ်တလုံးအတွင်း မီးလောင်ထားသည့် အမျိုးသမီး အရိုးစု တခုကို တွေ့ရှိခဲ့ရပြီး စတင်ဖမ်းဆီးသွားစဉ်ကတည်းက ညှင်းပန်းနှိပ်စက်မှုကို ခံခဲ့ရကာသတ်ဖြတ်ပြီး နေအိမ် တအိမ်တွင် မီးရှို့ခဲ့ကြခြင်းဖြစ်၊ အမျိုးသားနှစ်ဦးအား လည်းခန္ဓာကိုယ်များကို အပိုင်းပိုင်း ခုတ်ထစ်ကာ သတ်ဖြတ်ထားပြီး တဦး၏ ပါးအား ဓားဖြင့် မွှမ်းပြီး လည်ပင်းကို ဓားဖြင့် အကြိမ်ကြိမ် ထိုးသွင်း ထားသည့် ဒဏ်ရာများ ဖြင့်သေဆုံးနေသည် ကိုတွေ့ရှိရ။

**ဇန်နဝါရီလ (၂၀) ရက်နေ့တွင်**

04

ဒီပဲယင်းနှင့် ရေဦး စပ်ကြားရှိ ပိဋကပ်ကျ ကျေးရွာအတွင်း အမျိုးသားတဦးအား ဦးခေါင်းတွင် သေနတ်ဒင်ဖြင့် ထုထောင်းထားသည့် ဒဏ်ရာများဖြင့် သေဆုံးသည့် ရုပ်အလောင်း ကိုလည်း ထပ်မံတွေ့ရှိခဲ့




# ကျူးလွန်သည့်သူများ

အကြမ်းဖက်စစ်အုပ်စုလက်အောက်ခံ အမှတ်(၄) စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်၏ အမှတ် (၇၀၈) ခြေလျင်တပ်ရင်း၏ အင်အား (၁၀၀) ခန့်ရှိ ပူးပေါင်း စစ်ကြောင်း

**ဖြစ်ပွားသည့် နေရာ**


**ကျူးလွန်ခံရသည့်ပြည်သူများ (အရပ်သားပြည်သူ ၁၄ ဦး)**

**သေဆုံးသည့် အမျိုးသမီး (၁) ဦး ၊အမျိုးသား(၄) ဦး ၊ အကြမ်းဖက်ဖမ်းဆီးခြင်းခံရသည့် အမျိုးသမီး (၂) ဦး၊ အမျိုးသား (၇) ဦး ၊**

*ဒီပဲယင်းမြို့နယ်၊ မဲအိုးရွာ အနီးတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိပဲ သတင်းများ တခုခုကြောင့် စစ်ကြောင်းထိုး ဝင်ရောက်လာခြင်း ဖြစ်နိုင်သည် ဟုလည်း ဒေသခံများက ပြောကြားခြင်း ဖြင့်သိရှိရသည်။*

# အကြမ်းဖက်စစ်အုပ်စု၏ သတ်ဖြတ်ခြင်းခံခဲ့ရသော ပြည်သူများစာရင်း

| စဉ် | အမည် | အသက် | လိင် | ကျေးရွာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | မခင်နှင်းငွေ | ၃၇ နှစ် | မ | မဲအိုးရွာ | သေဆုံး |
| ၂။ | ဦးဇော်ဝင်း | ၅၃ နှစ် | ကျား | မဲအိုးရွာ | သေဆုံး |
| ၃။ | ဦးဇော်ထွန်းဝင်း(ခ)ကိုထွန်း | ၅၀ နှစ် | ကျား | မဲအိုးရွာ | သေဆုံး |
| ၄။ | ဦးအောင်မြင့်ကျော်(ခ) ကိုကုလား | ၄၃ နှစ် | ကျား | မဲအိုးရွာ | သေဆုံး |
| ၅။ | ကိုဇင်မင်းညွန့်(ခ)ကိုတောပု | ၃၄ နှစ် | ကျား | ပိဋကပ်ကျ | သေဆုံး |





ဒီပဲယင်းမြို့နယ်၊ မဲအိုးရွာ အနီးတွင်
တိုက်ပွဲဖြစ်ပွားခြင်းမရှိပဲ သတင်းမှား တခုခုကြောင့်
စစ်ကြောင်းထိုးဝင်ရောက်လာခြင်း ဖြစ်နိုင်သည် ဟုလည်း
ဒေသခံများကပြောကြားခြင်းဖြင့်သိရှိရသည်။



# အကြမ်းဖက်စစ်အုပ်စု၏ ဖမ်းဆီးခြင်းခံရပြီး ပျောက်ဆုံးလျက်ရှိသော ပြည်သူများစာရင်း

| စဉ် | အမည် | အသက် | လိင် | ကျေးရွာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | မဝေဝေခင် | ၂၀ နှစ်ဝန်းကျင် | မ | မဲအိုးရွာ | ဖမ်းဆီး၊ပျောက်ဆုံး |
| ၂။ | ဒေါ်ခင်ဆန်းလွင် | ၄၀ နှစ်ဝန်းကျင် | မ | မဲအိုးရွာ | ဖမ်းဆီး၊ ပျောက်ဆုံး |
| ၃။ | မောင်ရဲလင်းနိုင် | ၁၈ အောက် | ကျား | မဲအိုးရွာ | ဖမ်းဆီးပျောက်ဆုံး |
| ၄။ | မောင်အောင်မျိုးဝင်း | ၁၈ အောက် | ကျား | မဲအိုးရွာ | ဖမ်းဆီးပျောက်ဆုံး |
| ၅။ | မောင်ဖြိုးထွန်း | - | ကျား | မဲအိုးရွာ | ဖမ်းဆီးပျောက်ဆုံး |
| ၆။ | ကိုစိုးမင်းပိုင် | - | ကျား | မဲအိုးရွာ | ဖမ်းဆီးပျောက်ဆုံး |
| ၇။ | ကိုလင်းထင် | - | ကျား | မဲအိုးရွာ | ဖမ်းဆီးပျောက်ဆုံး |
| ၈။ | မောင်ဇွဲထက်နိုင် | - | ကျား | မဲအိုးရွာ | ဖမ်းဆီးပျောက်ဆုံး |
| ၉။ | ဦးဇော်တင် | - | ကျား | မဲအိုးရွာ | ဖမ်းဆီးပျောက်ဆုံး |







မြေပြင်မှအချက်အလက်များကို ကောက်ယူ၍ ဖော်ပြခြင်းဖြစ်သည်။

# အကြမ်းဖက်သတ်ဖြတ်ခံရသောပြည်သူများ၏

## ဓာတ်ပုံမှတ်တမ်းများ

သက်သေခံဓာတ်ပုံတချို့မှာ ဆိုးဝါးလှသဖြင့် ကျူးလွန်ခံရသူများ၏ ဂုဏ်သိက္ခာ အတွက် ဖော်ပြခြင်းမပြုပါ။











အကြမ်းဖက်စစ်အုပ်စုကြောင့် ခေါင်းဖြတ်ခြေဖြတ်သတ်ဖြတ်ခံရသောပြည်သူများ၏ မှတ်တမ်းသက်သေများ